# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၁၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆–၁၀–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် အမှိုက်သိမ်းယာဉ် မည်မျှရှိ၍ ရေးမြို့နယ်တွင် အမှိုက်သိမ်းယာဉ်များ ထပ်မံတိုးချဲ့ထားရှိရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်ခိုင်ဝင်း၊ မုံ့ခဲ့ မဲဆန္ဒနယ်၏ **ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးထောက်ပြခဲ့သော ဆွေးနွေးချက်များသည် အကျိုးသက်ရောက်မှု ရှိ၊ မရှိနှင့် ဝန်ကြီးဌာနအသီးသီး၏ ဘတ်ဂျက်သုံးစွဲမှုအပေါ် ဈေးနှုန်းများ ပြန်လည် ညှိနှိုင်းခြင်း ရှိ၊မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်သိန်း၊ ရှောင် မဲဆန္ဒနယ်၏ **လွှတ်တော်က ခွင့်ပြုပေးခဲ့သည့် ဘတ်ဂျက်ငွေများအား အပြည့်အဝ သုံးစွဲခြင်းမရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ထိန်းသိမ်းမည့်အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများမှအပ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံကျောင်းများနှင့် အခြားကျောင်းများတွင် ကျောင်းဈေးဆိုင်ခန်း ရောင်းချရရှိငွေ၊ ငှားရမ်းခရငွေများနှင့် အခြားဝင်ငွေများ ရရှိမှု** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) မိုလ်မှူးတင့်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၏ **ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်းရှိ၊ မရှိ အား စိစစ်ဆောင်ရွက်နိုင်ရန်ကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည် ပေးပို့သော **"ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **" မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။